# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
## ဗဟို ဌာနချုပ်
## ကော်သူးလေ

www.knuhq.org

### ကေအဲန်ယူ - ကရင်အမျိုးသား အစည်းအရုံး၊ ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ၂၇၆၀ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ - ကရင့်သက္ကရာဇ် - ၂၇၆၀ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်
- ခရစ်သက္ကရာဇ် - ၂၀၂၂ ခုနှစ်။ ဇန္နဝါရီလ (၃)ရက်

ယနေ့ ၂၇၆၀ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်နေ့သည် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်ပါသည်။ မိမိတို့ ကရင်အမျိုးသားများနှင့် ပြည်ထောင်စုသားအားလုံး ၂၇၅၉ ခုနှစ်ကို ကျော်ဖြတ်ခဲ့ကြပြီး ကရင်သက္ကရာဇ် ၂၇၆၀ ခုနှစ်သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယနေ့ ၂၇၆၀ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွင် ကရင်အမျိုးသားများအပြင် ပြည်ထောင်စုဖွား အားလုံးကို ကောင်းချီးမင်္ဂလာများ၊ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြွယ်ဝခြင်းနှင့် စိတ်၏ငြိမ်သက်ခြင်းများကို ခံစားရရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ကရင်အမျိုးသားများသည် လူမျိုးတစ်မျိုးဖြစ်သည်နှင့်အညီ အခြားသောလူမျိုးများနည်းတူမိမိတို ့၏ ကရင်နှစ်သစ်ကူးနေ့ လည်းရှိပါသည်။ ကရင်အမျိုးသားများ၏ နှစ်သက္ကရာဇ်ကို ရေတွက်ရာတွင် မိမိတို့ ကရင်အမျိုးသားများ ယခုလက်ရှိ ပြည်ထောင်စုကြီးသို့ ဒုတိယအစုအဖြစ် ဝင်ရောက်လာသော ခရစ်နှစ် မတိုင်မီ ၇၃၉ ခုနှစ်မှ စတင်၍ ရေတွက်ခြင်းဖြစ်သောကြောင့် ယခုနှစ်သည် ကရင့်သက္ကရာဇ် ၂၇၆၀ ခုနှစ်ရှိပြီ ဖြစ်ပါသည်။ ကရင့်အမျိုးသား နှစ်သစ်ကူးနေ့သည် မိမိတို့အမျိုးသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများတွင် ယဉ်ကျေးမှု၏ လက္ခဏာ ရပ်တစ်ခုဖြစ်ပြီး ကရင့်အမျိုးသားထုအကြားတွင် အသိအမှတ်ပြုခဲ့ကြကာ အစဉ်အဆက် ကျင်းပလာခဲ့ကြသည်မှာ ရာစုနှစ်များစွာရှိခဲ့ပါပြီ။ ခေတ်ရေစီးကြောင်းများ တိုးတက်ပြောင်းလဲလာခြင်း၊ အခြားသော လူမျိုးများနှင့် ရောနှောနေထိုင်လာခြင်းအပြင် ယဉ်ကျေးမှုနှင့် ယုံကြည်မှုများ နီးစပ်လာမှုများကြောင့် ကရင့်အမျိုးသား နှစ်သစ်ကူးနေ့ ကျင်းပမှုများကို အမျိုးမျိုး ပြုလုပ်ကျင်းပလာခဲ့ကြပါသည်။

ထို့ကြောင့် အမျှော်အမြင်ကြီးမားသော မိမိတို့ ကရင့်အမျိုးသားခေါင်းဆောင်ကြီးများမှ ကရင့်အမျိုးသား နှစ်သစ်ကူးနေ့ တစ်နေ့တည်းဖြစ်ရေးကို အသိအမှတ် ပြုပြီး တစ်စုတစ်စည်းတည်း ကျင်းပပြုလုပ်နိုင်ရန် ၁၉၃၇ ခုနှစ်၌ ပါလီမန်တွင် တင်ပြတောင်းဆိုလာခဲ့ရာမှ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။ ထို့အပြင် ကရင့်အမျိုးသား နှစ်သစ်ကူးနေ့ကို တစ်နိုင်ငံလုံးရှိ အစိုးရ ရုံးပိတ်ရက်အဖြစ် တရားဝင် အသိအမှတ်ပြုခြင်းကို ရရှိခဲ့ပြီး ပြည်ထောင်စုအဝှမ်း တရားဝင် ကျင်းပလာခဲ့ကြသောကြောင့် နိုင်ငံတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော နေ့တစ်နေ့ လည်းဖြစ်ပါသည်။ ယခုအခါတွင် ကရင့်အမျိုးသားနှစ်သစ်ကူးနေ့ကို ကမ္ဘာအရပ်ရပ်မှ ကရင့်အမျိုးသားထုများ အကြား အသိအမှတ်ပြု ကျင်းပနေကြပြီး အခြားသော လူမျိုးများကလည်း စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲ နေကြပြီ ဖြစ်ပါသည်။

ကရင်အမျိုးသားများသည် လူမျိုးတစ်မျိုးဖြစ်သည့် အားလျော်စွာ လူမျိုးတစ်မျိုး၏ ဝိသေသ လက္ခဏာရပ်များ အပြည့်အဝရှိပါသည်။ ထို့ကြောင့် လူမျိုးတစ်မျိုးအနေဖြင့် ဆက်လက်ရှင်သန်ရပ်တည်ပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် မိမိတို့ အမျိုးသား၏ ဝိသေသလက္ခဏာရပ်များ၊ ဂုဏ်အင်္ဂါရပ်များဖြစ်သည့် စာပေ၊ စကား၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို နားလည်လက်ခံကာ အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားတတ်ခြင်းဖြင့် မိမိတို့၏ နေ့စဉ်လူမှုဘဝတွင် စုပေါင်းထိန်းသိမ်းခြင်း၊ မိမိတို့အမျိုးသားများ၏ ဝိသေသနှင့် ဂုဏ်အင်္ဂါ ရပ်များအပေါ် အခြေခံပြီး ခေတ်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ကာ မြှင့်တင်ကြရမည့်တာဝန်သည် မိမိတို့ ကရင်အမျိုးသားတိုင်း ၏ တာဝန်ပင်ဖြစ်ပါသည်။

ယခုခေတ် ကရင့်အမျိုးသားများအနေဖြင့် ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်များကို မိမိတို့၏ သက်တူရွယ်တူများမှ ထိန်းသိမ်းစောင့်ရှောက်တတ်ကြရန် လုပ်ဆောင်မှုများအပြင် အနာဂတ်လူငယ် ခေါင်းဆောင်များအနေဖြင့် ထိုယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းကြပြီး နေ့စဉ် လူမှုဘဝတွင် ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေရန် လုပ်ဆောင်ကြရမည့် တာဝန်ရှိပါသည်။ ဤကြီးမြတ်သော တာဝန်သည် ကရင့်တစ်မျိုးသားလုံးလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပါသည်။

ယခုချိန်တွင် မိမိတို့ ကရင်အမျိုးသား တစ်ဦးချင်းစီတိုင်းနှင့် မိမိတို့ အမျိုးသား အသင်းအဖွဲ့များသည် မိမိတို့ အမျိုးသားများ၏ ဝိသေသလက္ခဏာနှင့် ဂုဏ်အင်္ဂါရပ်များကို ကျရာအခန်းကဏ္ဍ အသီးသီးတွင် လေးစားတန်ဖိုးထားပြီး ထိန်းသိမ်းမြှင့်တင်ခဲ့ကြသောကြောင့် ယနေ့ထက်ထိတိုင် မိမိတို့နေထိုင်ရာ ပြည်ထောင်စုကြီးနှင့် ကမ္ဘာအရပ်ရပ်တွင် မိမိတို့အား လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုနေကြခြင်းဖြစ်ပါသည်။ လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်နေနိုင်ခြင်းသည် ထိုလူမျိုးတစ်ဦးစီတိုင်းမှ မိမိတို့၏ ယဉ်ကျေးမှု လက္ခဏာ ရပ်များကို နေ့စဉ်ဘဝတွင် စုပေါင်းထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် မြှင့်တင်ခြင်းအပြင် ထိုလူမျိုးများ နေထိုင်သော နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း၊ ပြည့်ပြည့်စုံစုံ ရေးသားပြဌာန်းထားပြီး ဥပဒေအရ တိတိကျကျ အာမခံမှုများ ပေးရပါမည်။ ထို့အပြင် တာဝန်ရှိသူ အစိုးရများအနေဖြင့် အကောင်အထည်ဖေါ်ဆောင်နိုင်ရေး အတွက် ပံ့ပိုးမှုများ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

မိမိတို့ ကရင့်အမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် အခြားလူမျိုးများနည်းတူ ရှင်သန်ရပ်တည်ပြီး ခေတ်နှင့်အညီ ရှင်သန်တိုးတက်နိုင်ရန် ဥပဒေဖြင့် အကာအကွယ်ပေးခြင်း၊ အခွင့်အရေးများ ပေးထားခြင်းနှင့် အားပေးအားမြှောက်မှုများကို မရရှိခဲ့ကြပေ။ လွတ်လပ်မှု၊ တန်းတူမှုနှင့် အမျိုးသားရေးအရ တရားမျှတမှုများအပြင် လူသားများဖြစ်သည့်အလျောက် လူမျိုးတစ်မျိုး၏ ရပိုင်ခွင့်များဖြစ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများကို မရရှိခဲ့ကြပေ။ မိမိတို့ ကရင်အမျိုးသားများမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားအားထုတ်ခဲ့ကြရပြီး ထိုအခွင့်အရေးများကို ရရှိနိုင်ရန် နောက်ဆုံးတွင် မဖြစ်မနေ လက်နက်ကိုင် ခုခံတော်လှန်ခဲ့ကြရသည့်အဆင့်သို့ ရောက်ရှိခဲ့ကြရပါသည်။ ကရင့်အမျိုးသားခေါင်းဆောင်ကြီးများမှ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကရင့်အမျိုးသားများ၏ တာဝန်ပေးအပ်မှုအရ **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး** အနေဖြင့် လက်နက်ကိုင် ခုခံတိုက်ပွဲဝင်ခဲ့ကြသည်မှာ နှစ်ပေါင်း (၇၀)ကျော်အထိ ရှိခဲ့ပါသည်။

ယခု လက်ရှိအချိန်တွင် **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**နှင့် တိုင်းရင်းသားလက်နက်ကိုင် ခုခံတော်လှန်ရေး အဖွဲ့အစည်းအချို့မှ လက်နက်ဖြင့် တိုက်ပွဲဝင်ကြသည့် နည်းလမ်းများကို ရပ်ဆိုင်းထားပြီး အပစ်အခတ်ရပ်စဲကာ အစိုးရနှင့် ထိုအခွင့်အရေးများအတွက် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနေပါသည်။ အပစ်အခတ်ရပ်စဲခြင်းသည် ငြိမ်းချမ်းရေးကို ဧကန်အမှန် ရရှိထားခြင်း မဟုတ်ပေ။ စစ်မှန်သော ငြိမ်းချမ်းရေးသည် မိမိတို့ ကရင်အမျိုးသားထုကြီးအပြင် မိမိတို့၏ ပြည်ထောင်စုအတွင်း နေထိုင်လျှက်ရှိနေကြသော တိုင်းရင်းသားလူမျိုးတိုင်းကို လူမျိုးတစ်မျိုးအဖြစ် လေးစားအသိအမှတ်ပြုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုအပြင် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝရရှိပြီးသည့် အချိန်မှသာလျှင် ဖြစ်နိုင်ပါသည်။ ထိုအခွင့်

အရေးများကိုလည်း နိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားရှိရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် ရွေးကောက်ခံအစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်စည်းနိုင်သည့်ကာလတွင် တိုင်းရင်းသားများနှင့် အစိုးရအကြား တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတွက် **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** မှ ရည်ရွယ်ချက်အတိုင်း ဦးတည်လုပ် ဆောင်လျှက်ရှိပါသည်။ ထိုကဲ့သို့ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိတို့ ကရင်အမျိုးသားတိုင်း သည်လည်း ကျရာအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

မိမိတို့ အမျိုးသားများသည် မိမိတို့၏အမျိုးသားရေးဆိုင်ရာ ဂုဏ်အင်္ဂါရပ်များကို ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ လူမျိုးတစ်မျိုးအနေဖြင့် အခန်းကဏ္ဍ အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်နိုင်ရန် ခေတ်နှင့် လျော်ညီသော ပညာရေးသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးများတွင် ကြီးစိုးနေကြသော လူမျိုးနှင့် ကမ္ဘာ့နိုင်ငံကြီးများသည် ပညာရေးတွင် အလွန်ထူးချွန် ပြောင် မြောက်နေကြသော လူမျိုးနှင့် နိုင်ငံများသာ ဖြစ်ကြပါသည်။ မိမိတို့ ကရင်အမျိုးသား လူငယ်ထုများအနေဖြင့်လည်း မိမိတို့၏ ပညာရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကာ မိမိတို့ အမျိုးသားများ၏ဘဝကို ခေတ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်အောင် အားထုတ်ပေး ဆပ်ကြရန် လိုအပ်ပါသည်။

မိမိတို့ ကရင်အမျိုးသားတိုင်း မိမိကိုယ်မိမိ ကရင်လူမျိုးတစ်ဦးအဖြစ် အသိအမှတ်ပြုပြီး မိမိတို့ ကရင့် အမျိုးသားများ၏ ဂုဏ်အင်္ဂါနှင့်လက္ခဏာရပ်များကို လေးစားတန်ဖိုးထားကာ မိမိတို့နေ့စဉ်သက်ရှင်လုပ်ရှား နေရသောလူမှုဘဝတွင် စုပေါင်းထိန်းသိမ်းမြှင့်တင်ခြင်းသည် လူမျိုးတစ်မျိုးအဖြစ် အစဉ်အမြဲ ရှင်သန်ပြီး ဖွံ့ဖြိုး တိုးတက်နေစေရန် အတွက် အဓိက သော့ချက် ဖြစ်ပါသည်။ မိမိတို့ ကရင်အမျိုးသားများ၏ နှစ်သစ်ကူးနှစ်ကို ယခုကဲ့သို့ ဂုဏ်ပြုကျင်းပလျှက်ရှိကြသော အခါသမယတွင် မိမိကိုယ်မိမိ ကရင်လူမျိုးတစ်ဦးဖြစ်သည်ဟု သတ်မှတ်ခံယူကာ မိမိတို့ ကရင်အမျိုးသားများ၏ ဂုဏ်အင်္ဂါ လက္ခဏာရပ်များကို မိမိတို့၏ နေ့စဉ်ဘဝတွင် ဖော်ထုတ်ကျင့်သုံးကြပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍ အသီးသီးတွင် စုပေါင်းမြှင့်တင်ကြရန် ကတိကဝတ် ပြုကြပါစို့ဟု ဆန္ဒပြုတိုက်တွန်း အပ်ပါသည်။

ကရင်အမျိုးသားများနှင့် ပြည်ထောင်စုသားအားလုံး

နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ။